# မြန်မာအက်ဂရိုအိတ်ချိန်းပတ်ဘလစ်လီမိတက်

# စာရင်းစစ်ကော်မတီပဋိညာဉ်စာတမ်း

| စဉ် | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၁။ | ရည်ရွယ်ချက် | ၁ |
| ၂။ | အခွင့်အာဏာ | ၁ |
| ၃။ | စာရင်းစစ်ကော်မတီဖွဲ့စည်းမှု | ၂ |
| ၄။ | အစည်းအဝေး | ၂ |
| ၅။ | တာဝန်ဝတ္တရား | ၂ |
| ၅-၁၊ | ဘဏ္ဍာရေးရှင်းတမ်းများ | ၂ |
| ၅-၂၊ | ဌာနတွင်းထိန်းချုပ်မှု | ၃ |
| ၅-၃၊ | အတွင်းစာရင်းစစ် | ၃ |
| ၅-၄၊ | ပြင်ပစာရင်းစစ် | ၄ |
| ၅-၅၊ | စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီလိုက်နာဆောင်ရွက်မှု | ၅ |
| ၅-၆၊ | အစီရင်ခံခြင်းတာဝန်ဝတ္တရားများ | ၆ |
| ၅-၇၊ | အခြားတာဝန်ဝတ္တရားများ | ၆ |
| ၆။ | အကျိုးခံစားခွင့် ဆက်နွယ်နေသူများနှင့် လွှဲပြောင်းခြင်းတစ်ရပ်ရပ် ဆောင်ရွက်ခြင်းဆိုင်ရာ (Interested Party Transaction) လုပ်ထုံးလုပ်နည်းများ၊ | ၇ - ၁၁ |

## Myanmar Agro Exchange Public Limited

## စာရင်းစစ်ကော်မတီ ပဋိညာဉ်စာတမ်း။

### ၁-၀။ ရည်ရွယ်ချက်

စာရင်းစစ်ကော်မတီ၏ ရည်ရွယ်ချက်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်-

(က) ဒါရိုက်တာများဘုတ်အဖွဲ့က တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် ကျွန်ုပ်တို့ ပိုင်ဆိုင်သော ပုံသေပိုင်ပစ္စည်းများကို ဆုံးရှုံးမှုမရှိစေရန်၊ စာရင်းစစ်များနှင့်အညီ ဘဏ္ဍာရေးစာရင်းများ ထားရှိစေရန်နှင့် ထိရောက်သော အတွင်းထိန်းချုပ် ကွပ်ကဲမှု စနစ်ချမှတ်၍ ထိန်းကျောင်းဆောင်ရွက်ရန်၊ ထိရောက်ကောင်းမွန်သော စီမံအုပ်ချုပ်မှု စနစ် တစ်ခုကိုချမှတ်၍ ထိန်းသိမ်းထားရှိကြောင်း သေချာမှုရှိစေသော ရည်ရွယ်ချက် ဖြင့် ဆောင်ရွက်ရန်။

(ခ) စာရင်းစစ်ဆေးခြင်းနှင့် သက်ဆိုင်သောကိစ္စရပ်များတွင် ကျွန်ုပ်တို့၏ ဒါရိုက်တာများ ဘုတ်အဖွဲ့၊ စီမံခန့်ခွဲရေးဌာနနှင့် ပြင်ပစာရင်းစစ်များအကြားတွင် ဆက်သွယ်ညှိနှိုင်းမှု များ ဆောင်ရွက်ရန်။

(ဂ) စာရင်းစစ်ကော်မတီအစီရင်ခံစာကိုပြုစု၍ သင့်လျော်သည့်အချိန်တွင် ဒါရိုက်တာများ ဘုတ်အဖွဲ့သို့ တင်ပြရန်။

### ၂-၀။ အခွင့်အာဏာ

စာရင်းစစ်ကော်မတီအနေဖြင့် ချမှတ်ထားသည့် တာဝန်ဝတ္တရားဘောင်အတွင်း၌ လိမ်လည်မှု သို့မဟုတ် လွဲမှားမှုစသည့် သံသယကိစ္စများမှန်သမျှကို ကာကွယ်ရန်အတွက် ဦးဆောင်မှုပြုရန်နှင့် ကုမ္ပဏီတွင်း စုံစမ်းစစ်ဆေးမှု ကိစ္စများဆောင်ရွက်နိုင်သည့် အခွင့်အာဏာရှိသည်။ ဤကော်မတီအား အောက်ဖော်ပြပါ လုပ်ပိုင်ခွင့်အာဏာများ အပ်နှင်းထားသည်။

(က) ပြင်ပစာရင်းစစ်များကို ခန့်ထားခြင်းနှင့် ပြန်လည်ခန့်ထားခြင်း ကိစ္စများကို စဉ်းစားဆုံး ဖြတ်ရန်။

(ခ) (IPT =Interested Party/Related Party Transaction) - အကျိုးခံစားခွင့်ရှိ သူများ၏ လုပ်ကိုင်ဆောင်ရွက်မှု ပုံစံစနစ်နှင့် ပတ်သက်၍ အခါအားလျော်စွာ သုံးသပ်ရန်။

(ဂ) ပြင်ပစာရင်းစစ်များကကုမ္ပဏီ၏ စာရင်းများကိုစစ်ဆေးသည့်အချိန်တွင် စီမံအုပ်ချုပ်မှုဌာန အနေဖြင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်ပေးရန်။

(ဃ) စီမံခန့်ခွဲမှု ကော်မတီကို ဘဏ္ဍာရေးဆိုင်ရာ ကိစ္စများအတွက် လွတ်လပ်စွာ သင့်လျော်သော အကြံဉာဏ်ပေးခြင်း။

(င) စီမံခန့်ခွဲသူများ၊ ပြင်ပစာရင်းစစ်များ သို့မဟုတ် ပြင်ပအတိုင်ပင်ခံများနှင့် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ရန်။

## ၃-၀။ စာရင်းစစ်ကော်မတီဖွဲ့စည်းမှု

ဒါရိုက်တာများ ဘုတ်အဖွဲ့ကဖြစ်စေ၊ သို့မဟုတ် အမည်စာရင်း တင်သွင်းရေးကော်မတီ (Nomination Committee) ကဖြစ်စေ၊ လွတ်လပ်သည့် ဒါရိုက်တာတစ်ဦးအပါအဝင် စီမံခန့်ခွဲမှုတာဝန် ထမ်းဆောင်မှု မပြုသည့် ဒါရိုက်တာများဖြင့် အနည်းဆုံး သုံးဦး ပါဝင်သော စာရင်းစစ်ကော်မတီတစ်ရပ်ကို ခန့်ထားရမည်။ ဘဏ္ဍာရေးနှင့်သက်ဆိုင်သော လုပ်ထုံးလုပ်နည်း စည်းမျဉ်းများနှင့် ဘဏ္ဍာရေး အသိပညာ တတ်ကျွမ်းသူများ ပါဝင်စေရမည်။ သို့မဟုတ် သင့်တင့်လျောက်ပတ် သော အချိန်ကာလ တစ်ခုအတွင်း ဘဏ္ဍာရေးအသိပညာကို လေ့လာတတ်မြောက်စေရမည်။ ထို့အပြင် အနည်းဆုံး အဖွဲ့ဝင်တစ်ဦးသည် "ဘဏ္ဍာရေးနှင့် စာရင်းစစ်ဆေးခြင်းများကို တက်မြောက် ကျွမ်းကျင်သူ" ဖြစ်ရမည်။

## ၄-၀။ အစည်းအဝေး

ကော်မတီသည် တစ်နှစ်လျှင် အနည်းဆုံးအစည်းအဝေး နှစ်ကြိမ် ကျင်းပပြုလုပ်ရမည်။ အခြေအနေ အချိန်အခါအရ လိုအပ်လျှင်လိုအပ်သလို အစည်းအဝေးများကို ထပ်မံကျင်းပပြုလုပ်ရန် လုပ်ပိုင်ခွင့် အပ်နှင်းထားသည်။ ကော်မတီအဖွဲ့ဝင်အားလုံးသည် အစည်းအဝေးတိုင်းသို့တက်ရောက်ရန် လိုအပ်သည်။ အစည်းအဝေးသို့ လူကိုယ်တိုင် သို့မဟုတ် ဗီဒီယိုဖြင့် ပါဝင်ဆွေးနွေးနိုင်သည်။ စီမံခန့်ခွဲရေးဆိုင်ရာ တာဝန်ရှိ သူများ၊ ပြင်ပစာရင်းစစ်များ သို့မဟုတ် သက်ဆိုင်သူများကို အစည်းအဝေး တက်ရောက်ရန် ဖိတ်ခေါ်နိုင်သည်။ ကော်မတီက ပြင်ပစာရင်းစစ်များနှင့် စီမံခန့်ခွဲရေး တာဝန်ရှိသူများ အပါအဝင် သီးသန့် အစည်းအဝေးများကို ကျင်းပပေးနိုင်သည်။ အစည်းအဝေးအစီအစဉ်ကို အဖွဲ့ဝင်များထံသို့ ကြိုတင်၍ သင့်တော်သော အသေးစိတ် ရှင်းလင်းညွှန်ကြားချက် အထောက်အထားများ ပူးတွဲ၍ပေးပို့နိုင်ပါသည်။

## ၅-၀။ တာဝန်ဝတ္တရားများ

ကော်မတီက အောက်တွင်ဖော်ပြထားသော တာဝန်ဝတ္တရားများကို ဆောင်ရွက်ရမည်-

### ၅-၁။ ဘဏ္ဍာရေးရှင်းတမ်းများ

(က) နှစ်ပါတ်လည် ဘဏ္ဍာရေးရှင်းတမ်းများနှင့် အဆိုပါဘဏ္ဍာရေးရှင်းတမ်းများ အပေါ် ပြင်ပစာရင်းစစ်များ၏ အစီရင်ခံစာ တို့ကို သုံးသပ်မှုပြုလုပ်ရမည်။ ထို့အပြင် အရေးပါ သော ညှိနှိုင်းမှုများ၊ ဘဏ္ဍာရေး မူဝါဒအပြောင်းအလဲများ၊ သက်ဆိုင်ရာ ဘဏ္ဍာရေး အစီရင်ခံစာ စံနှုန်းများနှင့်အညီ လိုက်နာမှုများကို ပြင်ပစာရင်းစစ်များနှင့် ညှိနှိုင်း ဆောင်ရွက်ရမည်။ အကယ်၍စီမံခန့်ခွဲရေး တာဝန်ရှိသူများ ပါဝင်မှုမရှိဘဲ ဆွေးနွေးရန် လိုအပ်သည့် ကိစ္စများအပါအဝင်၊ ပြင်ပစာရင်းစစ်များ၏ စာရင်းစစ်ဆေးမှုဆိုင်ရာ ထူးခြားသော ကိစ္စများကို ဆွေးနွေးခြင်းနှင့် ညှိနှိုင်းခြင်း များပြုလုပ်ရမည်။

(ခ) အရှုံးအမြတ် ဘဏ္ဍာရေးရှင်းတမ်းများ၊ ငွေစီးဝင်စီးထွက်မှု ရှင်းတမ်းနှင့် ဥပဒေအရ လိုအပ်သည့် အချက်အလက်များပါဝင်သည့် ဘဏ္ဍာရေးရှင်းတမ်းများကို သုံးသပ် မှုပြု၍၊ ဒါရိုက်တာဘုတ်အဖွဲ့သို့ တွေ့ရှိချက်များတင်ပြရန်။

(ဂ) စီမံအုပ်ချုပ်မှု တာဝန်ရှိသူများအနေဖြင့် ကြားဖြတ်ကာလများအတွက် ဘဏ္ဍာရေးဆိုင်ရာ စာရင်းများကို တင်ပြသည့် အချိန်တွင် အတွင်းစာရင်းစစ်နှင့် ပြင်ပစာရင်းစစ်များ၏ စစ်ဆေးမှုများအတွက် ညှိနှိုင်းဆောင်ရွက်ရန်။

(ဃ) သံသယရှိသော လိမ်လည်မှု၊ မှုမမှန်ဖြစ်မှု၊ သို့တည်းမဟုတ် ဥပဒေများ စည်းကမ်းများ သို့တည်းမဟုတ် စည်းမျဉ်းများအနက် တစ်ခုခုကို ချိုးဖောက်မှု၊ ထိုသို့ဖြစ်ခြင်းကြောင့် ကုမ္ပဏီ၏ လည်ပတ်မှုရလဒ်များ၊ ဘဏ္ဍာရေးအနေအထားနှင့် စီမံခန့်ခွဲရေးတာဝန်ရှိသူများ၏ အရေးယူဆောင်ရွက်မှုများအတွက် ကြီးမားစွာ ထိခိုက်နစ်နာ နိုင်ဘွယ်ရာ ရှိခြင်း စသည်တို့တစ်ခုခုဖြစ်လာလျှင် ပြင်ပစာရင်းစစ်များနှင့် အတွင်းစာရင်းစစ်များ (ရှိခဲ့ပါလျှင်)နှင့် ညှိနှိုင်း၍ ပြန်လည်သုံးသပ် ဆွေးနွေးရန်။

## ၅-၂။ ဌာနတွင်းထိန်းချုပ်မှု

(က) နည်းပညာဆိုင်ရာလုံခြုံမှုနှင့် ထိန်းချုပ်မှုအပါအဝင် ကုမ္ပဏီ၏ အတွင်းထိန်းချုပ်မှုစနစ်၏ ထိရောက်မှုကို စဉ်းစားဆုံးဖြတ်ရန်။

(ခ) ဘဏ္ဍာရေး အစီရင်ခံခြင်းကိစ္စများနှင့် ပတ်သက်၍ အတွင်းထိန်းချုပ်မှု စံနစ်အတွက် အတွင်းစာရင်းစစ်များနှင့် ပြင်ပစာရင်းစစ်များ၏ ပြန်လည်သုံးသပ်မှုကို နားလည်သဘောပေါက်ရမည်။ ထို့နောက်ထင်ရှားသော တွေ့ရှိချက်များနှင့် ထောက်ခံချက်များကို ဖော်ပြထားသည့် အစီရင်ခံစာများကို စီမံခန့်ခွဲရေး တာဝန်ရှိသူများ၏ ဖြေရှင်းတင်ပြချက်များနှင့် အတူတကွရယူထားရမည်။

(ဂ) အတွင်းထိန်းချုပ်မှုစနစ်အား ကျွန်ုပ်တို့၏ ပြင်ပစာရင်းစစ်များနှင့် အတွင်းစာရင်းစစ်များ(ရှိခဲ့လျှင်)က သုံးသပ်အကြံပြုချက်များအပေါ်တွင် အလေးထား၍ ပြင်ဆင်သင့်သော အချက်များကို ညှိနှိုင်းဆောင်ရွက်ရန်။

## ၅-၃။ အတွင်းစာရင်းစစ်

(က) အတွင်းစာရင်းစစ် ပဋိဉာဉ်ကို အတည်ပြုရမည်။

(ခ) အတွင်းစာရင်းစစ်တာဝန်ခံ ခန့်ထားခြင်းနှင့် နုတ်ထွက်စေခြင်းနှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက်များကို အတည်ပြုရမည်။ တရားနည်းလမ်းမကျသော တားမြစ်မှုများ သို့တည်းမဟုတ် ကန့်သတ်ချက်များ မရှိစေရန် သေချာစွာကြီးကြပ် ဆောင်ရွက်ရမည်။ထို့နောက် အတွင်းစာရင်းစစ်တာဝန်ခံ ခန့်ထားခြင်း၊ အသစ်လဲလှယ် အစားထိုးခန့်အပ်ခြင်း၊ သို့တည်းမဟုတ် ထုတ်ပယ်ခြင်းတို့ကို သုံးသပ်ဆောင်ရွက်ရန်။

(ဂ) နှစ်ပတ်လည်စာရင်းစစ်အစီအစဉ်များနှင့် အဆိုပါအစီအစဉ်များပြောင်းလဲမှုစသည်များအတွက် အတည်ပြုရမည်။ အတွင်းစာရင်းစစ်များ၏ လုပ်ငန်းအစီအစဉ်နှင့် ပတ်သက်၍ အကောင်အထည်ဖော် ဆောင်ရွက်မှုကို ပြန်လည်သုံးသပ်ခြင်း။

(ဃ) အတွင်းစာရင်းစစ်လုပ်ငန်းတာဝန်များ၏ အဖွဲ့အစည်းဆိုင်ရာ တည်ဆောက်ထားမှုတို့ကို အတွင်းစာရင်းစစ် တာဝန်ခံနှင့်အတူ ပြန်လည်သုံးသပ်ရမည်။

(င) အနည်းဆုံးတစ်နှစ်လျှင် တစ်ကြိမ်အတွင်းစာရင်းစစ်တာဝန်ခံ၏ ဆောင်ရွက်ချက် ကို ပြန်လည်သုံးသပ်ရန်။

(စ) အတွင်းစာရင်းစစ် လုပ်ငန်းဆောင်တာများ၏ ထိရောက်မှုကို အတွင်းစာရင်း စစ်ဆေးခြင်း ကျင့်ဝတ်ဥပဒေ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် အတွင်းစာရင်း စစ်ဆေးမှု ဆိုင်ရာ ပညာရှင်များ လက်တွေ့ကျင့်သုံးရေး စံနှုန်းများနှင့် ကိုက်ညီခြင်းရှိမှု အပါအဝင် ပြန်လည် သုံးသပ်ရမည်။

(ဆ) ကော်မတီ (သို့တည်းမဟုတ်) အတွင်းစာရင်းစစ်က သီးသန့်ဆွေးနွေးရန် သင့်သည်ဟု ယုံကြည်သော ကိစ္စမှန်သမျှကို အတွင်းစာရင်းစစ်တာဝန်ခံနှင့် ပုံမှန်လုပ်ရိုး လုပ်စဉ် တစ်ခုအဖြစ် သီးခြားတွေ့ဆုံ ဆွေးနွေးရမည်။

## ၅-၄။ ပြင်ပစာရင်းစစ်

(က) ပြင်ပစာရင်းစစ်များ၏ အဆိုပြုထားသော စာရင်းစစ်ဆေးရေး အစီအစဉ်များ၏ အတိုင်းအတာပမာဏနှင့် ချဉ်းကပ်ပုံချဉ်းကပ်နည်းများကို အတွင်းစာရင်းစစ်များ နှင့် ပူးပေါင်း၍ စာရင်းစစ်ဆေးမှုဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများ အပါအဝင် ပြန်လည် သုံးသပ်ရမည်။

(ခ) ပြင်ပစာရင်းစစ်များ၏ ဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်၍ စာရင်းစစ်များ ခန့်အပ်ခြင်း သို့တည်းမဟုတ် ထုတ်ပယ်ခြင်း ကိစ္စရပ်များကို အပြီးသတ် အတည်ပြု ပေးခြင်းကိစ္စကို ဆောင်ရွက်ရမည်။

(ဂ) ပြင်ပစာရင်းစစ်များ၏ လွတ်လပ်မှုကို ပြန်လည်သုံးသပ်၍ အတည်ပြုပေးရမည်။ ဤသို့လုပ်ဆောင်ရာတွင် စာရင်းစစ်များနှင့် ကုမ္ပဏီအကြား ဆက်ဆံရေးကိစ္စများကို စာရင်းစစ်များထံမှ အကြောင်းကြားစာများနှင့် အစီရင်ခံစာများ ရယူလုပ်ဆောင်ရမည်။ ပြင်ပစာရင်းစစ်များနှင့် ဆက်ဆံရေးတွင် စာရင်းစစ်ဆေးသည့် ကိစ္စမဟုတ်သော ဆွေးနွေးချက်များလည်း အပါအဝင်ဖြစ်သည်။

(ဃ) ကော်မတီတစ်ရပ်ရပ် သို့တည်းမဟုတ် ပြင်ပစာရင်းစစ်များက သီးသန့်ဆွေးနွေး သင့်သည်ဟု ယုံကြည်သော ကိစ္စများကို ဆွေးနွေးရန် ဖြစ်ပေါ်လာပါလျှင် သီးခြား တွေ့ဆုံရမည်။

## ၅-၅။ စည်းမျဉ်း ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်မှု

(က) ဥပဒေများနှင့် စည်းမျဉ်းများကို လိုက်နာမှုရှိမရှိ စောင့်ကြည့်ရန်နှင့် စီမံခန့်ခွဲရေး ဌာန၏စုံစမ်းစစ်ဆေးမှု ရလဒ်များနှင့် လေးစားလိုက်နာမှု မရှိသည့် ကိစ္စတစ်ရပ်ရပ် အတွက် ဖြစ်ပေါ်လာသည့် (စည်းမျဉ်း စည်းကမ်းများအရ အရေးယူဆောင်ရွက်မှု အပါအဝင်) ရလဒ်များကို စောင့်ကြည့်ရေးအတွက် ထားရှိသော စနစ်၏ ထိရောက်မှု အနေအထားကို ပြန်လည် သုံးသပ်ရမည်။

(ခ) ထိန်းသိမ်းရန် အာဏာအပ်နှင်းထားသော သူများ၏ စစ်ဆေးမှုများနှင့် စာရင်းစစ်၏ စစ်ဆေးတွေ့ရှိချက်မှန်သမျှကို ပြန်လည်သုံးသပ်ရမည်။

(ဂ) ကုမ္ပဏီဝန်ထမ်းများကို ကျင့်ဝတ်စည်းကမ်း လိုက်နာရေးအတွက် လုပ်ထုံးလုပ်နည်းနှင့် ထိုကိစ္စရပ်များတွင် လေးစားလိုက်နာမှုအား စောင့်ကြည့်ခြင်းတို့ကို ပြန်လည်သုံးသပ်ရမည်။

(ဃ) ကုမ္ပဏီအတွင်း ချမှတ်ထားသော လုပ်ထုံးလုပ်နည်းနှင့် ကျင့်ဝတ်များကို လေးစားလိုက်နာမှုအခြေအနေနှင့် စပ်လျဉ်း၍ စီမံခန့်ခွဲရေးဌာနနှင့် ကုမ္ပဏီဥပဒေ အကြံပေးတို့ထံမှ နောက်ဆုံးအခြေအနေများကို ပုံမှန်ရယူရမည်။

(င) အကျိုးစီးပွား ဆက်နွယ်ပတ်သက်သူများနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ခြင်းနှင့် အတည်ပြုခြင်း၊( အကျိုးစီးပွား ဆက်နွယ်ပတ်သက်သူနှင့် စပ်လျဉ်းခြင်းအပိုဒ်တွင် ကြည့်ရှုနိုင်ပါသည်။) (IAS-24 International Accounting Standards-24) နိုင်ငံတကာ ငွေစာရင်းစံနှုန်းများ-၂၄ နှင့်အညီ ဘဏ္ဍာရေးရှင်းတမ်းများတွင် အများသိရှိ စေရန် ဖေါ်ထုတ်ပြသသော အချက်များကို ပြန်လည်သုံးသပ်ခြင်းများ ပြုလုပ်ရမည်။ အဆိုပါ ဖော်ပြချက်များက ကုမ္ပဏီ၏ ဘဏ္ဍာရေးအနေအထားနှင့် အရှုံးအမြတ်အခြေအနေတို့ကို အကျိုးစီးပွားဆက်နွယ်နေသည့် ပုဂ္ဂိုလ်များနှင့် အဆိုပါ ပုဂ္ဂိုလ်များနှင့် စပ်လျဉ်း၍ ဖော်ပြခြင်းကြောင့် ထိခိုက်နစ်နာမှုဖြစ်နိုင် ခြေများကို ဂရုပြုမိစေရန်အတွက် ဖွင့်လှစ်ကြေငြာရသည့် ကိစ္စဖြစ်သောကြောင့် ပြန်လည်သုံးသပ်မှုကို မဖြစ်မနေ ဆောင်ရွက်ရမည်။

(စ) အကျိုးစီးပွားများ ပဋိပက္ခဖြစ်နိုင်ခြေ အလားအလာ မှန်သမျှကို ပြန်လည်သုံးသပ်ရမည်။

(ဆ) ကျွန်ုပ်တို့ကုမ္ပဏီဝန်ထမ်းများအနေဖြင့် ဖြစ်နိုင်ခြေရှိသော ရိုးသားမှုမရှိသည့် ငွေရေးကြေးရေး ကိစ္စများကိုလည်းကောင်း သို့တည်းမဟုတ် အခြားကိစ္စရပ်များကိုလည်းကောင်း၊ တင်ပြမှုရှိခဲ့ပါလျှင် လွတ်လွတ်လပ်လပ် စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူမှုများအတွက် နေရာတကျ စီစဉ်ဆောင်ရွက်မှုများရှိကြောင်း သေချာစွာ ဆောင်ရွက်ရမည်။ စာရင်းစစ် ကော်မတီဥက္ကဋ္ဌထံသို့ လျှို့ဝှက်အစီရင်ခံခြင်း လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်ရမည်။

## ၅-၆။ အစီရင်ခံခြင်းတာဝန်ဝတ္တရားများ

(က) ကော်မတီ ဆောင်ရွက်ချက်များ၊ ပြဿနာများနှင့် ဆက်စပ်သော ထောက်ခံချက်များ အကြောင်းကို ဒါရိုက်တာများ ဘုတ်အဖွဲ့သို့ အချိန်ကာလနှင့်လျော်ညီစွာ အစီရင်ခံရမည်။

(ခ) အစုရှယ်ယာရှင်များထံသို့ နှစ်ပတ်လည် အစီရင်ခံစာ တင်သွင်းရမည်။ အဆိုပါ အစီရင်ခံစာတွင် ကော်မတီဖွဲ့စည်းထားမှု၊ တာဝန်ဝတ္တရားများ ထုတ်ပယ်ရန် ကိစ္စအကြောင်းအရာနှင့် စာရင်းစစ်ဆေးခြင်းနှင့် သက်ဆိုင်မှုမရှိသော အခြား ဝန်ဆောင်မှုကိစ္စများအား အတည်ပြုပေးရေး အပါအဝင် ဥပဒေ စည်းကမ်းအရ လိုအပ်သော သတင်းအချက်အလက်မှန်သမျှ ပါဝင်ရမည်။

(ဂ) ကော်မတီတာဝန်ဝတ္တရားများနှင့် ပါတ်သက်သော ကိစ္စရပ်များနှင့် အခြားအစီရင်ခံစာများ မှန်သမျှကို ပြန်လည်သုံးသပ်ရမည်။

**၅-၇။ အခြားတာဝန်ဝတ္တရားများ**

(က) အထူးစုံစမ်းစစ်ဆေးမှုများကို လိုအပ်သလို ဖွဲ့စည်း၍ ကြီးကြပ်ကွပ်ကဲရန်။

(ခ) ကော်မတီပဋိဉာဉ်၏ ပြည့်စုံမှုရှိမရှိကို နှစ်စဉ်ပြန်လည်သုံးသပ်ရန်၊ အပြောင်းအလဲအတွက် အဆိုပြုထားသည်များကို ဘုတ်အဖွဲ့က အတည်ပြုပေးရေးအတွက် ရှင်းလင်းတင်ပြရန်နှင့် ဥပဒေ သို့တည်းမဟုတ် စည်းမျဉ်းဥပဒေအရ လိုအပ်နိုင် သောသင့်တော်သည့် အချက်များကို ထုတ်ပြန်ခြင်းကိစ္စများကို သေချာမှုရှိစေရေး အတွက် ဆောင်ရွက်ရန်။

(ဂ) ဒါရိုက်တာများ ဘုတ်အဖွဲ့က မေတ္တာရပ်ခံလာသည့် အခြားသော ပြန်လည်သုံးသပ်မှုများနှင့် စီမံကိန်းများကို သုံးသပ်မှုများကို စာရင်းစစ်ကော်မတီအနေဖြင့် အထူးပြု၍ တွေ့ရှိချက်များကို ဒါရိုက်တာများ ဘုတ်အဖွဲ့သို့ အစီရင်ခံရန်။

(ဃ) ဥပဒေအရ လိုအပ်သည့် ထိုကဲ့သို့အခြားလုပ်ငန်းများနှင့် တာဝန်များကို ယေဘုယျအားဖြင့် တာဝန်ယူဆောင်ရွက်ရန်။

(င) အထက်ဖော်ပြပါ တာဝန်များအပြင် စာရင်းစစ်ကော်မတီသည် ကိစ္စရပ်များကို ကုမ္ပဏီအတွင်း စုံစမ်းစစ်ဆေးရာ၌ တွေ့ရှိချက်များအား တာဝန်ပေး၍ ပြန်လည် သုံးသပ်နိုင်သည်။ ထိုကိစ္စများတွင် လိမ်လည်မှု သို့မဟုတ် မူမမှန် မှုအဖြစ် သံသယရှိနိုင်ခြင်း၊ သို့မဟုတ် ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်နေသည့် ရလဒ်များနှင့် သို့မဟုတ် ငွေရေးကြေးရေးအခြေအနေအရ ရပ်တည်နေသည့်အနေအထား၊ အဆင့်အတန်းကို ထိခိုက်၊ ဂယက် ရိုက်ခတ်လာနိုင်သော နိုင်ငံတကာ ထိန်းချုပ်မှုများ၊ သို့မဟုတ် မြန်မာနိုင်ငံ ဥပဒေ စည်းမျဉ်း/စည်းကမ်း တစ်ခုခုကို ချိုးဖောက်မှု ရှိမရှိ တို့ကို ပြန်လည် သုံးသပ်ရမည်။ စာရင်းစစ် အဖွဲ့ဝင်တစ်ဦးစီသည် သူ့အကျိုးစီးပွားအတွက် ဘက်လိုက်ဖွယ်ရှိသော ကိစ္စနှင့် ပါတ်သက်သည့် ဆုံးဖြတ်ချက် မှန်သမျှကို မဲမပေးဘဲ ကြားနေရမည်။

ထိုးမြဲလက်မှတ်

ဒါရိုက်တာများဘုတ်အဖွဲ့ဥက္ကဋ္ဌ / စာရင်းစစ်ကော်မတီဥက္ကဋ္ဌ

**အကျိုးခံစားခွင့်ရှိသူနှင့် လုပ်ငန်းဆောင်ရွက်ခြင်းဆိုင်ရာ (Interested Party Transaction- IPT) လုပ်ထုံးလုပ်နည်းများ၊**

ကျွန်ုပ်တို့ ကုမ္ပဏီ **(MAEX)** သည် ပုံမှန်စီးပွားရေးအရ လွယ်လင့်တကူ စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုများကို အခြေခံခြင်းမှ တတိယ လူပုဂ္ဂိုလ်၊အဖွဲ့အစည်းများနှင့် လုပ်ငန်းများ ဆောင်ရွက်ခြင်းတွင် ကုမ္ပဏီ၏ အကျိုးစီးပွားနှင့် မိမိတို့၏ လူနည်းစုရှယ်ယာရှင်များ၏ အကျိုးစီးပွားများအပေါ် ထိခိုက်မှု မရှိစေရေးအတွက် စည်းကမ်းချက်များနှင့် ဈေးနှုန်းသက်သက်ကိုသာ အခြေပြု၍ အကျိုးခံစားခွင့်ရှိသူအား အခွင့်အရေး ပိုမို မပေးမိစေရေးအတွက် အကျိုးခံစားခွင့်ရှိသူနှင့် လုပ်ငန်း ဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ချမှတ်ရခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ကုမ္ပဏီ ဒါရိုက်တာဘုတ်အဖွဲ့က အိုင်ပီတီ (IPT) လုပ်ထုံးလုပ်နည်းများကို အခါအားလျော်စွာ ပြန်လည်ပြင်ဆင်နိုင်သည်။ ထိုသို့ပြင်ဆင်ရာတွင် ဘုတ်အဖွဲ့ဝင် ဒါရိုက်တာအများစုက သင့်တော်ကောင်းမွန်သည်ဟု ယူဆသည့်အတိုင်း ပြင်ဆင်မည်။ ထိုသို့ ပြုပြင်ပြောင်းလဲမှု များကိုလည်း ကုမ္ပဏီ၏ နှစ်ပတ်လည်အစီရင်ခံစာတွင် ဖော်ပြမည် ဖြစ်ပါသည်။

**၁။ အဓိပ္ပါယ်ဖွင့်ဆိုချက်များ**

အိုင်ပီတီ (IPT) လုပ်ထုံးလုပ်နည်းများ ကိစ္စအတွက် အခြားတစ်နည်း ဆက်စပ်စဉ်းစားရမည့် အကြောင်းအရာလိုအပ်မှု မရှိလျှင် -

**"associate" "စပ်တူလုပ်ဖက်"**ဆိုသည်မှာ

(က) မည်သည့် ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် ကျွန်ုပ်တို့ ကုမ္ပဏီ ၏ ထိန်းချုပ်ခွင့် ရှိသည့် ရှယ်ယာရှင် (ပုဂ္ဂိုလ်တစ်ဦးအဖြစ်)နှင့် သက်ဆိုင်သည်။

(i) သူ၏ အနီးစပ်ဆုံးမိသားစု

(ii) သူ သို့မဟုတ် သူ၏အနီးစပ်ဆုံးမိသားစုက အကျိုးခံစားခွင့်ရှိသော ယုံကြည်အပ်နှံမှု တစ်ခုခု၏ အုပ်ထိန်းသူများ၊ သို့မဟုတ် ယုံကြည်အပ်နှံမှုတစ်ခုခု ကိစ္စတွင် မိမိသဘောအလျောက် ဆုံးဖြတ်ခွင့်ရှိသည့် ယုံမှတ်အပ်နှံခြင်းအဖွဲ့ နှင့်

(iii) သူနှင့် သူ၏အနီးစပ်ဆုံးမိသားစု အတူတကွ (တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ) အကျိုးစီးပွား ၃၀% သို့မဟုတ် ထိုထက်ပိုမို၍ ရှိနေသော မည်သည့်ကုမ္ပဏီမဆို

(ခ) ကျွန်ုပ်တို့ကုမ္ပဏီ၏ ထိန်းချုပ်ခွင့်ရှိသည့် ရှယ်ယာရှင် (ကုမ္ပဏီတစ်ခု ဖြစ်စေ)နှင့် ဆက်စပ်၍ ထို သူ ၏ တွဲဖက်အခြားကုမ္ပဏီ သို့တည်းမဟုတ် ဦးပိုင်ကုမ္ပဏီ သို့မဟုတ် ထိုဦးပိုင် ကုမ္ပဏီ၏ တွဲဖက်ကုမ္ပဏီ သို့မဟုတ် အခြားကုမ္ပဏီ တစ်ခုခုတွင် မတည်ငွေအား (တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍) ပေါင်းစည်းထားသော ကုမ္ပဏီများတွင် ၃၀% သို့မဟုတ် ထိုထက်ပို၍ အကျိုးအမြတ် ရရှိနေသူကို ဆိုသည်။

**တွဲဖက်ကုမ္ပဏီ** (Associated Company) ဆိုသည်မှာ

ကျွန်ုပ်တို့ကုမ္ပဏီ သို့မဟုတ် ကျွန်ုပ်တို့ ကုမ္ပဏီများ အုပ်စုက ပိုင်ဆိုင်ထားသော အစုရှယ်ယာများ၏ အနည်းဆုံး ၂၀% ရှိသည့်ကုမ္ပဏီ၊ သို့ရာတွင် ၅၀% ထက်မပိုသော ကုမ္ပဏီ တစ်ခုဖြစ်သည်။

**ထိန်းချုပ်ခြင်း(Control)** ဆိုသည်မှာ

ကုမ္ပဏီတစ်ခုနှင့် စပ်လျဉ်း၍ ငွေရေးကြေးရေးနှင့် လုပ်ငန်းဆောင်ရွက်မှု မူဝါဒများနှင့် ဆုံးဖြတ်ချက်များချရာတွင် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ လွှမ်းမိုးရန် လုပ်နိုင်စွမ်းရှိခြင်းကို ဆိုလိုသည်။

**ထိန်းချုပ်နိုင်သည့် ရှယ်ယာရှင် (Controlling Shareholder )** ဆိုသည်မှာ

လူပုဂ္ဂိုလ် တစ်ဦးဖြစ်ပြီး

(က) ကျွန်ုပ်တို့ကုမ္ပဏီ ဒါရိုက်တာဘုတ်အဖွဲ့က ဤစာပိုဒ်ပါ ပုဂ္ဂိုလ်တစ်ဦးသည် ထိန်းချုပ်နိုင်သည့် အစုရှယ်ယာရှင် တစ်ဦးမဟုတ် ဟူ၍ ကျိုးကြောင်းညီညွတ်စွာ ဆုံးဖြတ်ခြင်း မပြုသမျှ ကျွန်ုပ်တို့ကုမ္ပဏီ၏ စုစုပေါင်းထုတ်ပေးထား၍ ငွေချေပြီးသား အစုရှယ်ယာ ရင်းနှီး ထားငွေ၏ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ၁၅% သို့မဟုတ် ထိုထက်ပိုသော အစုရှယ်ယာများ ပိုင်ဆိုင်သူ သို့မဟုတ်

(ခ) ကျွန်ုပ်တို့ကုမ္ပဏီ အပေါ်တွင် ထိန်းချုပ်ပိုင်ခွင့်ရှိသူ ကိုဆိုလိုသည်။

**စွန့်စားသူ ထင်ထင်ရှားရှားသီးခြားရပ်တည်နေသောအရာ "Entity at Risk"** ဆိုသည်မှာ

(က) ကျွန်ုပ်တို့ကုမ္ပဏီ

(ခ) ကျွန်ုပ်တို့ကုမ္ပဏီ၏ တွဲဖက်တစ်ခုဖြစ်ပြီး ကျွန်ုပ်တို့ ကုမ္ပဏီက အစုရှယ်ယာစတော့ သို့မဟုတ် အာမခံစာချုပ်များ လဲလှယ်မှုအတွက် အသိအမှတ်ပြုပေးသော ဘုတ်အဖွဲ့က ထိုလုပ်ငန်း စာရင်းတွင် သွင်းမထားသော တွဲဖက် ကုမ္ပဏီ သို့မဟုတ်

(ဂ) ကျွန်ုပ်တို့ကုမ္ပဏီ၏ တွဲဖက်ကုမ္ပဏီတစ်ခုဖြစ်ပြီး စတော့ သို့မဟုတ် အာမခံစာချုပ်များ လဲလှယ်မှုကို အသိအမှတ်ပြုပေးသော ဘုတ်အဖွဲ့က ထိုလုပ်ငန်းစာရင်းတွင် သွင်းမထားသော ကုမ္ပဏီ၊ ထို့အပြင် ဖော်ပြထားသည်မှာ ကျွန်ုပ်တို့အုပ်စု သို့မဟုတ် ကျွန်ုပ်တို့အုပ်စုနှင့် ၎င်း၏ အစုရှယ်ယာပိုင်ဆိုင်သူလူပုဂ္ဂိုလ်(များ)က အုပ်ချုပ်ထားသည့် တွဲဖက်ကုမ္ပဏီ ကိုဆိုလိုသည်။

**"ကုမ္ပဏီများ အုပ်စု" "Group"** ဆို သည်မှာ

ကျွန်ုပ်တို့ ကုမ္ပဏီနှင့် ကျွန်ုပ်တို့၏ တွဲဖက်ကုမ္ပဏီ များ (ရှိခဲ့လျှင်) ကိုဆိုလိုသည်။

**"အနီးစပ်ဆုံးမိသားစု" Immediate Family** ဆိုသည်မှာ

လူတစ်ဦး၏ ဆွေမျိုး ဤပုဂ္ဂိုလ်၏ ခင်ပွန်း (သို့) ဇနီး၊ သားသမီး၊ မွေးစား သားသမီး၊ လင်ပါ၊ မယားပါ သားသမီး၊ မွေးချင်းညီအစ်ကို မောင်နှမနှင့် မိဘတို့ ကို ဆိုလိုသည်။

**အကျိုးခံစားခွင့်ရှိသူ (Interested Person)** ဆိုသည်မှာ

(က) ကျွန်ုပ်တို ကုမ္ပဏီ၏ ဒါရိုက်တာ၊ အမှုဆောင် ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် ကျွန်ုပ်တို့ကုမ္ပဏီ၏ ထိန်းချုပ်နိုင်သည့် အစုရှယ်ယာရှင် သို့မဟုတ်

(ခ) ထိုကဲ့သို့သော ဒါရိုက်တာ၊ အမှုဆောင် ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် ထိန်းချုပ်နိုင်သည့် အစုရှယ်ယာပိုင်ရှင် နှင့် သက်ဆိုင်သူများ ကို ဆိုလိုသည်။

**"အကျိုးခံစားခွင့် ရှိသူနှင့် လုပ်ငန်းဆောင်ရွက်ခြင်း" "Interested Person Transaction"** ဆိုသည်မှာ စွန့်စားရာတွင် မျက်မြင်ထင်ရှားသီးခြားရပ်တည်နေသူနှင့် အကျိုးခံစားခွင့်ရှိသူများအကြား လုပ်ငန်းဆောင်ရွက်ခြင်းကို ဆိုလိုသည်။

**"လုပ်ငန်းဆောင်ရွက်ခြင်း" "Transaction"** ကိစ္စတွင် အကန့်အသတ်မရှိ အောက်ပါတို့ ပါဝင်သည်။

(က) ငွေရေးကြေးရေး အကူအညီ ထောက်ပံ့ခြင်း သို့မဟုတ် လက်ခံရရှိခြင်း။

(ခ) ရှာမှီးရရှိသော ဥစ္စာ၊ ပိုင်ဆိုင်သော အဖိုးတန်ပစ္စည်းများကို ထုခွဲရောင်းချခြင်း သို့တည်းမဟုတ် ငှားရမ်းခြင်း။

(ဂ) ဝန်ဆောင်မှုများ ပေးခြင်း သို့မဟုတ် လက်ခံရရှိခြင်း။

(ဃ) အာမခံစာချုပ်များ ထုတ်ပေးခြင်း သို့တည်းမဟုတ် ဝယ်ယူခြင်း။

(င) ရွေးစရာခွင့်ပြုခြင်း သို့တည်းမဟုတ် ရွေးစရာခွင့်ပြုချက်ရရှိခြင်းနှင့်

(စ) ဖက်စပ် လုပ်ငန်းများလုပ်ဆောင်ခြင်း သို့မဟုတ် ဖက်စပ် ရင်းနှီးမြှုပ်နှံမှုများ တည်ထောင်ခြင်း တို့ကိုဆိုလိုသည်။

သာမန်အရောင်းအဝယ် လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ခြင်းဖြစ်စေ မဆောင်ရွက်ခြင်းဖြစ်စေ၊ ထို့အပြင် တိုက်ရိုက်သို့မဟုတ် သွယ်ဝိုက်၍ ပါဝင်ခြင်းဖြစ်စေ (ဥပမာ- တစ်ခုသို့မဟုတ် တစ်ခုထက်ပိုသော မျက်မြင်ထင်ရှားရှိသော သီးခြားရပ်တည်သည့်အရာမှ တစ်ဆင့်ကြားဖြတ် ပါဝင်ခြင်း) အကျိုးတူလုပ်ငန်း လုပ်ဆောင်ခြင်း(သို့မဟုတ်)အကျိုးတူရင်းနှီးမြှုပ်နှံမှုစတင်တည်ထောင်ခြင်း ကို ဆိုလိုသည်။

## ၂။ ယေဘုယျလုပ်ထုံးလုပ်နည်း (General Procedure)

အကျိုးခံစားခွင့်ရှိသူနှင့် လုပ်ငန်းဆောင်ရွကရာတွင် ကျွန်ုပ်တို့ ကုမ္ပဏီများ အုပ်စုက အောက်ဖော်ပြပါ လုပ်ထုံးလုပ်နည်းများအတိုင်း လက်တွေ့ကျင့်သုံး ဆောင်ရွက်ပါမည်။

(က) အကျိုးခံစားခွင့်ရှိသူ တစ်ဦးဦးထံမှ ထုတ်ကုန်များမှန်သမျှကို ဝယ်ယူသောအခါ သို့မဟုတ် ဝန်ဆောင်မှုများ မှန်သမျှကို ရယူသည့်အခါ အကျိုးခံစားခွင့် မရှိ သူများထံမှ နောက်ထပ် ပေါက်ဈေး နှစ်ခုကို နှိုင်းယှဉ်စရာအဖြစ် ရယူပါမည်။ ဤသို့ ဆောင်ရွက်ခြင်းဖြင့် ကျွန်ုပ်တို့အုပ်စု၏ အကျိုးစီးပွားများနှင့် အနည်းစု အစုရှယ်ယာ ပိုင်ဆိုင်သူ များ၏ အကျိုးစီးပွား အားနည်းချက်များ မရှိကြောင်း သေချာစေရန် ဖြစ်သည်။ ဝယ်သော ဈေးနှုန်း သို့မဟုတ် ဝန်ဆောင်မှုများအတွက် အခကြေးငွေများသည် အကျိုးခံစားခွင့် မရှိ သူများထံမှ နှိုင်းယှဉ်ရန် ထပ်မံရယူထားသော ဈေးပြိုင် သို့မဟုတ် အခကြေးငွေအပြိုင်ထက် မြင့်မားမှုမရှိစေရပါ။ အကျုံးဝင်သောအချက်များ အရည်အသွေးလိုအပ်ချက်များ အသေးစိတ်ဖော်ပြချက်များ ထုတ်ပေးရမည့် ဆောင်ရွက်မှု မှတ်တမ်းတို့ကို အကန့်အသတ်မထားဘဲ အပါအဝင် အပြိုင်အဆိုင် အများဆုံးရှိသည့် ဈေးနှုန်း သို့မဟုတ် အခကြေးငွေကို ဆုံးဖြတ်ရာတွင် စဉ်းစားမည်။

(ခ) အကျိုးခံစားခွင့်ရှိသူ တစ်ဦးသို့ ထုတ်ကုန်များမှန်သမျှ ရောင်းချသောအခါ သို့မဟုတ် ဂုန်ဆောင်မှုများကို ဖြည့်ဆည်းပေးသော အခါအခြား အကျိုးခံစားခွင့်မရှိ သူများထံမှ သဘောသဘာဝတူ အောင်မြင်နေသော အခြား အရောင်းအဝယ်လုပ်ငန်း(၂)ခုမှ ထုတ်ကုန် ရောင်းဈေးနှုန်း သို့မဟုတ် ဂုန်ဆောင်မှု ဖြည့်ဆည်းခြင်းအတွက် အခကြေးငွေများကို နှိုင်းယှဉ် အသုံးပြုကာ ကျွန်ုပ်တို့အုပ်စုနှင့် အစုရှယ်ယာ အနည်းငယ်သာ ပိုင်ဆိုင်သူများ အားနည်းချက် မရှိစေရေး သေချာအောင် ပြုလုပ်မည်။ ထုတ်ကုန်များအရောင်းနှင့် ဂုန်ဆောင်မှုများ ဖြည့်ဆည်းမှုအတွက် ဈေးနှုန်း သို့မဟုတ် အခကြေးငွေသည် အကျိုးခံစားခွင့်မရှိ သူ၏ အောင်မြင်နေသော အရောင်းအဝယ်လုပ်ငန်း (၂)ခု၏ အနိမ့်ဆုံး ဈေးနှုန်း သို့မဟုတ် အခကြေးငွေအောက် မနိမ့်ကျစေရပါ။

(ဂ) အကျိုးခံစားခွင့်ရှိသူထံမှ ပစ္စည်းများငှားရမ်းယူသောအခါ သို့မဟုတ် သူ့ထံသို့ အငှားပေးသော အခါ အနံ့အပြားဖြစ်ပေါ်တည်ရှိဆဲ ဈေးကွက်နှုန်းထားများနှင့် ထိုငှားရမ်းခများ ကိုက်ညီမှု ရှိကြောင်း သေချာအောင် သင့်တော်သော် အဆင့်များ ဆောင်ရွက်ရမည်။ ထိုသို့ ဆောင်ရွက် ရာတွင် အလားတူ ပစ္စည်းများ၏ ပိုင်ရှင်ထံမှ ဆက်စပ်သော စုံစမ်းမေးမြန်းမှုများ ပြုလုပ်ခြင်း၊ သို့မဟုတ် ပစ္စည်းကိုယ်စားလှယ်များက ထုတ်ဝေသော သင့်တော်သည့် အစီရင်ခံစာများ သို့မဟုတ် ပြန်လည်သုံးသပ်ချက်များကို ရယူခြင်း၊ (သင့်တော်မည်ထင်သော ရာဖြတ်များ၏ လွတ်လပ်သော ရာဖြတ်တန်ဖိုး အစီရင်ခံစာတစ်စောင် အပါအဝင်) ကဲ့သို့သော ခန့်မှန်း အကဲဖြတ်ချက်များကို ခံယူထားရမည်။ ရယူထားရမည်။ ပေးနိုင်သော ပမာဏကို ရည်ရွယ်ချက်နှင့် တည်နေရာ အနေအထားအတွက် အရွယ်အစားနှင့် သင့်တော်မှုရှိခြင်းအပေါ် မူတည်ကာအလားတူ ပစ္စည်းများ၏ ပြိုင်ဘက် ဈေးကွက်ရှိ ငှားရမ်းခပေါ်တွင် အခြေပြုရမည်။ ဆက်စပ်မှုရှိသော စုံစမ်းလေ့လာရရှိထား သည့် ရလဒ်များပေါ်တွင် အခြေပြုရမည်။

(ဃ) အဆက်အသွယ်မရှိခဲ့သော ဆွေမျိုးမတော်စပ်သော တတိယအဖွဲ့နှင့် အခြား အရောင်းအဝယ် လုပ်ငန်းများ၏ အချက်အလက်များနှင့် တိုက်ဆိုင်နှိုင်းယှဉ်ရန် မဖြစ်နိုင်လျှင် သတ်မှတ်ပေးထား သည်မှာ အကျိုးခံစားခွင့်ရှိသူ ပုဂ္ဂိုလ်တစ်ဦးထံမှသာ ထုတ်ကုန်များ သို့မဟုတ် ဂုန်ဆောင်မှု များကိုဝယ်ယူရမည့် အရောင်းအဝယ်ကိစ္စမျိုးတွင် ကျွန်ုပ်တို့၏ အမှုဆောင်အရာရှိချုပ် သို့မဟုတ် ဘဏ္ဍာရေးအရာရှိချုပ် အတည်ပြုမည်။ ထို အတည်ပြုပေးမည့် ပုဂ္ဂိုလ်များကလည်း ထိုအရောင်းအဝယ်ကိစ္စတွင် အကျိုးအမြတ်မရှိသူ ဖြစ်နေရမည်။ သို့မဟုတ် အားနည်းချက် ရှိသူဖြစ်နေခဲ့လျှင် ကျွန်ုပ်တို့၏စာရင်းစစ်ကော်မတီ၊ကျွန်ုပ်တို့၏ လုပ်နေကျဖြစ်သော စီးပွားရေး လုပ်ငန်း လုပ်ထုံးလုပ်နည်း ကျင့်စဉ်များ၊ မူဝါဒများနှင့်အညီ အတည်ပြု ဆောင်ရွက်မည်။ ထိုကဲ့သို့သော ထုတ်ကုန်များနှင့် သို့မဟုတ် ဂုန်ဆောင်မှုအတွက် အကျိုးခံစားခွင့်ရှိသူ ပုဂ္ဂိုလ်ကိုပေးရန်ရှိသော အရောင်းအဝယ်ဈေးနှုန်း ကို ဆုံးဖြတ်ရာတွင် ကန့်သတ်ထားခြင်း မရှိဘဲ အရေအတွက်၊ လိုအပ်ချက်များနှင့် အသေးစိတ် အချက်များကဲ့သို့ အချက်များကို ထည့်သွင်းစဉ်းစားမည်။

**၃။ပြန်လည်သုံးသပ်ခြင်းနှင့် အတည်ပြုခြင်း လုပ်ထုံးလုပ်နည်းများ**

(က) ကျွန်ုပ်တို့အုပ်စုထဲတွင် ပါဝင်သည့် အားလုံးသော အကျိုးခံစားခွင့်ရှိသူများနှင့် လုပ်ငန်းဆောင်ရွက်ခြင်းကို အောက်ဖော်ပြပါ အတိုင်း အမျိုးအစားများ ပိုင်းခြားသတ်မှတ်ပါမည်။

(i) အမျိုးအစား ၁။ အကျိုးခံစားခွင့်ရှိသူနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် ယင်းကိစ္စနှင့် ပတ်သက်သမျှတန်ဖိုးသည် နောက်ဆုံးစာရင်းစစ်ဆေးထားသော ကျွန်ုပ်တို့အုပ်စု ပိုင်ဆိုင်သမျှ တန်ဖိုး၏ **၃%နှင့် အထက်ပိုသော** အမျိုးအစား။

(ii) အမျိုးအစား ၂။ အကျိုးခံစားခွင့်ရှိသူနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် ယင်းကိစ္စနှင့် ပတ်သက်သမျှတန်ဖိုးသည် နောက်ဆုံးစာရင်းစစ်ဆေးထားသော ကျွန်ုပ်တို့အုပ်စု ပိုင်ဆိုင်သမျှ တန်ဖိုး၏ **၃%အောက်ရှိပြီး ကျပ် ၁၀၀,၀၀၀,၀၀၀/- နှင့် အထက်ပိုသော** အမျိုးအစား။

(iii) အမျိုးအစား ၃။ အကျိုးခံစား ခွင့်ရှိသူနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းတန်ဖိုးသည် **ကျပ် ၁၀၀,၀၀၀,၀၀၀/- အောက်လျော့သော** အမျိုးအစား။

(ခ) အကျိုးခံစားခွင့်ရှိသူနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် အမျိုးအစား တစ်ခုချင်းစီကို ဆုံးဖြတ်ရာ၌ သက်ဆိုင်ရာဆက်စပ်နေသည့် အတိုင်းအတာစံကို ကျွန်ုပ်တို့ဘုတ်အဖွဲ့က သင့်တော်သည်ဟု ယူဆသည့် အခါအားလျော်စွာ ပြန်လည်ပြင်ဆင် နိုင်သည်။

(ဂ) အမျိုးအစား(၁) - အကျိုးခံစားခွင့်ရှိသူနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် မဆောင်ရွက်မီ ကျွန်ုပ်တို့၏ စာရင်းစစ်ကော်မတီက ကြိုတင်အတည်ပြု ပေးရမည်။

(ဃ) အမျိုးအစား(၂) - အကျိုးခံစားခွင့်ရှိသူနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် မဆောင်ရွက်မီ ကျွန်ုပ်တို့၏ စာရင်းစစ်ကော်မတီက ကြိုတင် အတည်ပြုပေးရန် မလိုပါ။ သို့ရာတွင် ကျွန်ုပ်တို့၏ အမှုဆောင်အရာရှိချုပ် နှင့် ဘဏ္ဍာရေး အရာရှိချုပ်တို့က ကြိုတင်အတည်ပြု ပေးရမည်။ ထို့အပြင် ကျွန်ုပ်တို့ စာရင်းစစ်ကော်မတီက သုံးလတစ်ကြိမ် အခြေခံဖြင့် ပြန်လည်သုံးသပ်ရမည်။

(င) အမျိုးအစား(၃) - အကျိုးခံစား ခွင့်ရှိသူနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် မဆောင်ရွက်မီ ကျွန်ုပ်တို့၏ စာရင်းစစ်ကော်မတီ သို့မဟုတ် အမှုဆောင်အရာရှိချုပ် သို့မဟုတ် ဘဏ္ဍာရေး အရာရှိချုပ်တို့၏ ကြိုတင်အတည်ပြုပေးရန် မလိုပါ။သို့ရာတွင် ကျွန်ုပ်တို့၏ စာရင်းစစ်ကော်မတီ က သုံးလတစ်ကြိမ် အခြေခံဖြင့် ပြန်လည် သုံးသပ်မည်။

(စ) ကျွန်ုပ်တို့၏ စာရင်းစစ်ကော်မီတီသည် လက်လှမ်းမီသည့် အကျိုးခံစားခွင့်ရှိသူနှင့် ဆောင်ရွက်ထားသည့် လုပ်ငန်းများကို သုံးလတစ်ကြိမ် ပြန်လည်စစ်ဆေးသုံးသပ်မည်။ ကျွန်ုပ်တို့ စာရင်းစစ်ကော်မီတီသည် အရေအတွက် မဟုတ်သော ဆက်စပ်နေသည့် အချက်အလက်များ အားလုံးကို ထည့်သွင်းစဉ်းစား၍ အထက်တွင် ဖော်ပြထားသော လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်မည်။

(ဆ) ကျွန်ုပ်တို့သည် ကျွန်ုပ်တို့စာရင်းစစ်ကော်မီတီ၏ ပြန်လည်သုံးသပ်မှုကို အထောက်အကူပြုနိုင်ရန် ဆက်စပ်နေသော သတင်းအချက်အလက် အားလုံးကို ပြင်ဆင်ပြုစု ပေးရမည်ဖြစ်ပြီး အကျိုးခံစားခွင့်ရှိသူနှင့် လုပ်ငန်းဆောင်ရွက်ခြင်းများ အားလုံးကို မှတ်တမ်းတင်ရန် မှတ်ပုံတင်စာအုပ် တစ်ခုကိုလည်း ထိန်းသိမ်းထားရှိမည်။ ထို့အပြင် ဈေးနှုန်း စာရင်းတင်ပြချက်နှင့် ယင်းနှင့်သက်ဆိုင်သော အခြား အထောက်အထားများကိုပါ မှတ်ပုံတင် စာအုပ်တွင် မှတ်တမ်းတင်ထားရမည်။

(ဇ) အကျိုးခံစားခွင့်ရှိသူနှင့် လုပ်ငန်းဆောင်ရွက်ခြင်း အမျိုးအစားအားလုံး အတွက် ပြန်လည်သုံးသပ်ခြင်းနှင့် အတည်ပြုခြင်း လုပ်ငန်းစဉ်တွင် အောက်ပါအတိုင်း ဆောင်ရွက်မည်။

(i) ကျွန်ုပ်တို့၏ အမှုဆောင်အရာရှိချုပ် (သို့မဟုတ်) ဘဏ္ဍာရေးအရာရှိချုပ်တို့သည် အကျိုးခံစားခွင့်ရှိသူနှင့် လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ဆက်စပ်သော အကျိုးစီးပွား တစ်ရပ်ရှိလျှင် (သို့မဟုတ်) သူကိုယ်တိုင်က အဆိုပြု အမည်စာရင်း တင်သွင်းသည့် အချိန်ဖြစ်နေလျှင် ပြန်လည် သုံးသပ်မှုနှင့် အတည်ပြုမှု လုပ်ငန်းစဉ်ကို စာရင်းစစ်ကော်မီတီ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌမှ အခါအားလျော်စွာ တာဝန်ပေးအပ်သည့် အကျိုးခံစားခွင့်ရှိသူနှင့် လုပ်ငန်းဆောင်ရွက်ခြင်းတွင် ဆက်စပ်သူ/ အဆိုပြု အမည်စာရင်း တင်သွင်းခံရသူ မဟုတ်သည့် စာရင်းစစ်ကော်မတီအဖွဲ့ဝင် အခြား တစ်ဦးမှ ဆောင်ရွက်ရမည်။

(ii) အကယ်၍ ကျွန်ုပ်တို့စာရင်းစစ် ကော်မီတီအဖွဲ့ဝင်တစ်ဦး သို့မဟုတ် အဆိုပြု အမည်စာရင်း တင်သွင်းခံရသူ တစ်ဦးဦးသည် အကျိုးခံစားခွင့်ရှိသူနှင့် လုပ်ငန်း ဆောင်ရွက်ခြင်းတွင် ဆက်စပ်သောအကျိုးစီးပွားတစ်ရပ်ရှိလျှင် အဆိုပါကိစ္စရပ်အတွက် စိစစ်သုံးသပ်မှုနှင့် အတည်ပြုမှု လုပ်ငန်းစဉ်တွင် ပါဝင်ခြင်းမှ ရှောင်ကြဉ်ရမည်။

**၄။ ထုတ်ဖော်တင်ပြခြင်း**

ကျွန်ုပ်တို့ကုမ္ပဏီသည် သက်ဆိုင်ရာဘဏ္ဍာနှစ်အတွင်း စာရင်းဝင်ခဲ့သော အကျိုးခံစားခွင့်ရှိသူနှင့် လုပ်ငန်းဆောင်ရွက်ခြင်း (IPT) တန်ဖိုးစုစုပေါင်းအား နှစ်ပတ်လည် အစီရင်ခံစာ တွင်ထုတ်ဖော်တင်ပြရမည်။ အဆိုပါ အကျိုးခံစားခွင့်ရှိသူနှင့် လုပ်ငန်းဆောင်ရွက်ခြင်းများတွင် လုပ်ငန်းလုပ်ကိုင်သူ တစ်ဦး၏ လုပ်ငန်းစုစုပေါင်းတန်ဖိုးကိုလည်း (ကျွန်ုပ်တို့ဘုတ်အဖွဲ့က ကျိုးကြောင်းခိုင်မာစွာ ဆုံးဖြတ်ထားသည့်အတိုင်း) ထုတ်ဖော်တင်ပြရမည်။